မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | | | | |
|---|---|---|---|---|---|
| အမှတ် ၁၂] | ရန်ကုန်မြို့ | { | ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်<br>(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်) | } သောကြာနေ့ | [အတွဲ ၇၄ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၄၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး
ကော်မတီဖွဲ့စည်းခြင်း

၁။ **"Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |

(ဈ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။ "Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ"၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားနေသည့် COVID-19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(ခ) ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပူးပေါင်း၍ စနစ်တကျ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် COVID-19 ရောဂါပိုးကူးစက်သူများတွေ့ရှိရပါက ယင်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ စနစ်တကျ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဂ) ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍လည်းကောင်း ကူးစက်ပြန့်ပွားမှုဖြစ်ပွားလာခဲ့ပါက ယင်းဒေသရှိ ပြည်သူများကို "COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ"၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ညှိနှိုင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရန်-

(၁) Community Quarantine ပြုလုပ်ရန် လိုအပ်လာပါက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ကူးစက်ရောဂါဖြစ်ပွားမှုမြင့်မားလာသည့်ဒေသများ၊ မြင့်မားရန် အလားအလာရှိသည့်ဒေသများ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက် မတည်ငြိမ်မှုများဖြစ်ပွားလာနိုင်သည့်ဒေသများတွင် Community Quarantine ပြုလုပ်သည့်အခါ ပြည်သူများ အတိအကျလိုက်နာဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လိုအပ်သလိုပူးပေါင်းဆောင်ရွက်ရန်၊

(၃) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အညီ အဆင့်အလိုက် ဆောင်ရွက်ရာ၌ အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(၄) ဒေသများ၌ Community Quarantine ပြုလုပ်ရပါက မရှိမဖြစ်လိုအပ်သည့် အရောင်းဆိုင်များ၊ ဆေးပစ္စည်းဆိုင်များ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ မရှိမဖြစ်လည်ပတ်ရန်လိုအပ်သည့် စက်ရုံ၊ အလုပ်ရုံများဆက်လက်လည်ပတ်နိုင်ရေး၊ ယင်းအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုံခြုံရေးအစီအစဉ်များ ချမှတ်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) COVID-19 နှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုရမည့်သူများကို Community Based Facility Quarantine ထားရှိမည့်နေရာများသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ကူးစက်ရောဂါဖြင့် သေဆုံးသွားသူများအား သင်္ဂြိုဟ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း စနစ်တကျ လုပ်ငန်းစဉ်များ

ချမှတ်ပေးရန်နှင့် အဆိုပါလုပ်ငန်းစဉ်များနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကို ဆောင်ရွက်စေရန်၊

( င ) COVID–19 ကူးစက်ပြန့်ပွားမှုမြင့်မားလာနိုင်သည့် အဆိုးဆုံးအခြေအနေအထိ ကြိုတင်မျှော်တွေး၍ လိုအပ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ Facility၊ Test Kits၊ PPE စသည့် ဆေးပစ္စည်းများ၊ ယာဉ်များ၊ Community Based Facility Quarantine ထားရှိရန် နေရာများ၊ မိမိဆန္ဒအလျောက် ဆန္ဒပြု ပါဝင်ဆောင်ရွက်မည့် Volunteer များစသည့် အရင်းအမြစ်များကို အဆင့်အလိုက် ကြိုတင်ပြင်ဆင် စုဆောင်းခြင်းအားဖြင့် လက်တွေ့လုံလောက်စွာစီစဉ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( စ ) ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြား နေရာများတွင် သတင်းမှားဖြန့်ဝေနေသူများကို အမြန်ဆုံးဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ပြည်သူများအတွင်း ဆေးဝါး၊ ရိက္ခာနှင့်လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက် ရရှိရေး အတွက် ဈေးတင်ရောင်းချနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေ များနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

( ဇ ) COVID–19 ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာဌာနများ၊ အများပြည်သူနေရာ ဌာနများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ လိုအပ်သည့် စည်းမျဉ်းများထုတ်ပြန်ခြင်းစသည်တို့ကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများအဆင့် အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

( ဈ ) နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ တရားမဝင် ဝင်ထွက်သွားလာမှုများ မရှိစေရေး၊ လုံခြုံရေးနှင့် အဂတိလိုက်စားမှုများမရှိစေရေးအတွက် တိုင်ကြားရန် ဌာနများ အမြန်ဆုံး ဖွင့်လှစ်ခြင်း၊ စည်းမျဉ်းချိုးဖောက်သူများအား ဖော်ထုတ်အရေးယူခြင်း၊ လိုအပ်လျှင် လုံခြုံရေး အစောင့်အရှောက် ထားရှိခြင်းစသည်တို့ကို ဆောင်ရွက်ရန်၊

(ည) Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် အမြန်ဆုံးဖွင့်လှစ်၍ ကော်မတီ၏တာဝန်များကို ဆောင်ရွက်ခြင်း၊ အရေးပေါ် ဆက်သွယ်ရန် ဖုန်းလိုင်းများ ဖွင့်လှစ်ခြင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအဆင့်လိုက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရန်၊

( ဋ ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ ပေးအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၀) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၅၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**

**စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ **Coronavirus Disease 2019 (COVID–19) ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီကို** အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ Coronavirus Disease 2019 (COVID–19) ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကမ္ဘာ့နိုင်ငံအများအပြားတွင် လတ်တလောဖြစ်ပွားနေသည့် Coronavirus ကြောင့် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများ ကျဆင်းနေသည့်အပေါ် အရေးပေါ်စီမံဆောင်ရွက်မည့်နည်းလမ်းများ၊ ကာလတို၊ ကာလရှည်ဆောင်ရွက်မည့် နည်းလမ်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) စက်ရုံများရပ်ဆိုင်း၍လုပ်သားများအလုပ်လက်မဲ့ဖြစ်စဉ်ကာလအတွင်းအခြားအလုပ်အကိုင်အသစ်များ ဖော်ဆောင်ပေးခြင်း၊ လုပ်သားများအတွက် အကျိုးရှိမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်၊

(ဂ) COVID-19 ကဲ့သို့ ဖြစ်စဉ်များမှာ အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာနိုင်ရာ CMP လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းပစ္စည်းများရရှိရေးကို တရုတ်နိုင်ငံတစ်ခုတည်းကိုသာ အမှီပြုနေရခြင်းအစား အခြားနိုင်ငံများမှ ကုန်ကြမ်းပစ္စည်းများ ဖြန့်ခွဲရယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(ဃ) ကာလရှည်မျှော်မှန်းမှုအနေဖြင့် မိမိနိုင်ငံအတွင်း Weaving, Knitting, Dying and Sewing Industry များ ထူထောင်၍ Supply Chain တစ်ခုလုံး မိမိနိုင်ငံတွင် ထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(င) ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပေါ် COVID-19 ဖြစ်စဉ် သက်ရောက်မှုကြီးမားလာပါက အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်တင်ပြရန်၊

(စ) လိုအပ်ပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် သက်သာသည့်အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်တင်ပြရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၀) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၅၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

## အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း

အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် အဖွဲ့ဝင် ဒေါ်ခင်စန်းဦးတို့သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၅၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးကျော်မျိုးထွဋ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၅၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကချင်ပြည်နယ်
- (က) ဦးမျိုးဆွေ
- (ခ) ဦးတိန့်ဆောင်

(၂) ကယားပြည်နယ်
- (က) ဦးပေါလူချမ်း
- (ခ) ဒေါ်စူးမြာယဉ်ယဉ်လေး

(၃) ကရင်ပြည်နယ်
- (က) ဦးစောခင်မောင်မြင့်
- (ခ) ဦးဇော်ဝင်း

(၄) ချင်းပြည်နယ်
(က) ဦးငွန်းဆွန်းအောင်
(ခ) ဦးဂိုဆွင်းခိုင်
(၅) စစ်ကိုင်းတိုင်းဒေသကြီး
(က) ဦးလှဟန်
(ခ) ဒေါ်ရီရီသန်း
(၆) တနင်္သာရီတိုင်းဒေသကြီး
(က) ဦးမောင်ကြီး
(ခ) ဦးခင်မောင်မြင့်
(၇) ပဲခူးတိုင်းဒေသကြီး
(က) ဦးငွေးလွင်ဦး
(ခ) ဦးတင်ဦး
(၈) မကွေးတိုင်းဒေသကြီး
(က) ဒေါက်တာစန်းလှိုင်
(ခ) ဦးစိုင်းမြင့်အေး
(၉) မန္တလေးတိုင်းဒေသကြီး
(က) ဦးမျိုးအောင်
(ခ) ဦးသိန်းငွေး
(၁၀) မွန်ပြည်နယ်
(က) ဦးဇော်လင်းထွန်း
(ခ) ဦးအောင်ကြည်သိန်း
(၁၁) ရခိုင်ပြည်နယ်
(က) ဦးစံရွှေမောင်
(ခ) ဦးသန်းထွန်း
(၁၂) ရန်ကုန်တိုင်းဒေသကြီး
(က) ဦးအောင်သန်းဦး
(ခ) ဦးဇော်ဝင်း
(၁၃) ရှမ်းပြည်နယ်
(က) ဦးခွန်သိန်းမောင်
(ခ) ဦးစိုင်းလိတ်
(၁၄) ဧရာဝတီတိုင်းဒေသကြီး
(က) ဦးတင်အေး
(ခ) ဦးအုန်းမြင့်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၄ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်စိုး

(၂) ဦးဇေယျာလင်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၅ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဗိုလ်ဌေး | ဥက္ကဋ္ဌ၊ မြို့တော်ဝန် |
| (၂) | ဦးညီညီ | ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် |
| (၃) | ဦးညွန့်ဖေ | အတွင်းရေးမှူး |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၆ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအားမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ်ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)　ဦးစောဟန်　　ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်

(၂)　ဦးဝင်းမောင်　　အတွင်းရေးမှူး

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၇ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)　လေ ၂၅၂၂　ဒုတိယဗိုလ်မှူးကြီး　ညီညီကျော်
　　နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

(၂)　ကြည်း ၃၄၁၀၀　ဒုတိယဗိုလ်မှူးကြီး　တင်နိုင်ဦး
　　ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

(၃)　ကြည်း ၃၀၅၄၅　ဒုတိယဗိုလ်မှူးကြီး　ညီညီတင်
　　ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

(၄)　ကြည်း ၃၀၁၃၂　ဒုတိယဗိုလ်မှူးကြီး　မိုးမင်းဝင်း
　　ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

(၅)　ကြည်း ၃၂၁၁၈　ဒုတိယဗိုလ်မှူးကြီး　သော်နောင်
　　ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

(၆) ကြည်း ၃၄၀၅၆ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုး
"၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၈ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှအကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် အတွက်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထား မှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/ အချုပ်ထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ် ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသောပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့် ပေးလိုက်သည်-

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက် (လွတ်ရက်မရှိ) ပြစ်ဒဏ် သို့ ပြောင်းလဲကျခံစေရန်၊

(ခ) ထောင်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများ မပါ)၊

(ဂ) ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများအား ထောင်ဒဏ် နှစ် ၅၀ သို့ လျှော့ပေါ့ကျခံစေရန်၊

(ဃ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံ စေရန်၊

(င) ထောင်ဒဏ် နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံနေရသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၅၉ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှအကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် အတွက်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှု ကိုအလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/ အချုပ်ထောင်/စခန်းအသီးသီးတွင်အကျဉ်းကျခံနေကြရသောအကျဉ်းသား/သူ ၂၃၃၁၄ ဦးတို့အား ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ''နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်'' ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၆၀ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပြတ် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသော အားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ ၅၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ''နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခု ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်'' ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့်

ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် ( ၆၁ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးမင်းထိန်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် ( ၆၂ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုအပ်နှင်းလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၉၁၉၇ ကချင်ပြည်နယ် | ဗိုလ်မှူးကြီး | ကျော်လင်းအောင် |
| ( ၂ ) | ကြည်း ၂၂၀၀၀ ကယားပြည်နယ် | ဗိုလ်မှူးကြီး | မြင့်ဝေ |

| | | | |
|---|---|---|---|
| ( ၃ ) | ကြည်း ၂၂၆၁၇<br>ကရင်ပြည်နယ် | ဗိုလ်မှူးကြီး | မျိုးမင်းနောင် |
| ( ၄ ) | ကြည်း ၂၅၉၉၅<br>ချင်းပြည်နယ် | ဗိုလ်မှူးကြီး | ဟန်ဝင်းအောင် |
| ( ၅ ) | ကြည်း ၂၄၉၉၃<br>စစ်ကိုင်းတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| ( ၆ ) | ကြည်း ၂၆၉၃၄<br>တနင်္သာရီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| ( ၇ ) | ကြည်း ၂၇၂၉၄<br>ပဲခူးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | လှမျိုးရွှေ |
| ( ၈ ) | ကြည်း ၂၀၈၂၅<br>မကွေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | မင်းဦး |
| ( ၉ ) | ကြည်း ၂၆၁၀၉<br>မန္တလေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ကျော်မင်း |
| (၁၀) | ကြည်း ၂၆၉၃၉<br>မွန်ပြည်နယ် | ဗိုလ်မှူးကြီး | နေထွဋ်ဦး |
| (၁၁) | ကြည်း ၂၃၁၅၈<br>ရခိုင်ပြည်နယ် | ဗိုလ်မှူးကြီး | မင်းသန်း |
| (၁၂) | ကြည်း ၂၁၈၉၇<br>ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၁၃) | ကြည်း ၂၆၇၅၉<br>ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး | လှဦး |
| (၁၄) | ကြည်း ၂၅၁၃၀<br>ဧရာဝတီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၆၃ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**နေပြည်တော်ကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကြည်း ၂၁၁၁၁ ဗိုလ်မှူးကြီး မင်းနောင် အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နေပြည်တော်ကောင်စီ

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုအပ်နှင်းလျက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၆၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

### မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ စန်းလှိုင် အစား ဦးအောင်ချိန်အား အစားထိုးခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၆၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ညွန့်ဖေ အား ပညာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၆၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးဝင်းရှိန်

( ခ ) ဦးဌေးလှိုင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၆၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးငွန်ဆန်းအောင်　　ဥက္ကဋ္ဌ

( ခ ) ဦးဟန်ကျင့်ဇမ်း　　အဖွဲ့ဝင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒုတိယဗိုလ်ချုပ်ကြီး လူအေး | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ ရင်ရင်နွယ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ယဉ်ယဉ်ဦး | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ဦးလှိုင် | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးကြီး ထိန်လင်း (အငြိမ်းစား) | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်ဝင်း

(၂) ဒေါက်တာလင်းအောင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ဖျက်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအား ဖျက်သိမ်းလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ကျော်ထွန်းအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**တာဝန်မှရပ်စဲခြင်း**

အောက်ဖော်ပြပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးစိုးတင့် | အဖွဲ့ဝင် |
| (၂) | ဦးအောင်လွင် | အဖွဲ့ဝင် |
| (၃) | ဦးဟန်ညွန့် | အဖွဲ့ဝင် |
| (၄) | ဒေါ်မြတ်မြတ်စိုး | အဖွဲ့ဝင် |
| (၅) | ဦးအောင်သန်းမြင့် | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်မြင့် | အဖွဲ့ဝင် |
| (၇) | ဦးမျိုးမြင့် | အဖွဲ့ဝင် |
| (၈) | ဒေါ်အေးအေးမူ | အဖွဲ့ဝင် |
| (၉) | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| (၁၀) | ဒေါ်လှဲ့လှဲ့သွင် | အဖွဲ့ဝင် |
| (၁၁) | ဦးစန်းဝင်း | အတွင်းရေးမှူး |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၇၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးတင်ဦး အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၇၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန် ပေးအပ်လိုက်သည်-

(၁) ဦးတင်ဆွေဝင်း
(၂) ဦးထင်ကျော်
(၃) ရဲမှူးချုပ် ကျော်ဝင်းသိန်း (အငြိမ်းစား)
(၄) ဒေါ်ခင်ချိုအုန်း
(၅) ဦးအောင်မြင့်လွင်
(၆) ဦးသန်းစိုး
(၇) ဦးမောင်မောင်တင့်
(၈) ရဲမှူးချုပ် သူရဘိုနီ (အငြိမ်းစား)
(၉) ဦးတင်မြင့်
(၁၀) ဒေါ်ကြူကြူဝင်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၇၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရှမ်းပြည်နယ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲများကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

**(က) ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)**

| | | |
|---|---|---|
| (၁) | ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ (၁) ဦး သို့မဟုတ် (၂) ဦး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | ဒုတိယပြည်နယ်ဦးစီးမှူး (လဝက) | အဖွဲ့ဝင် |
| (၅) | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး (လားရှိုး) | အတွင်းရေးမှူး |

**(ခ) ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)**

| | | |
|---|---|---|
| (၁) | ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ (၁) ဦး သို့မဟုတ် (၂) ဦး | အဖွဲ့ဝင် |
| (၄) | ဒုတိယပြည်နယ်ဦးစီးမှူး (လဝက) | အဖွဲ့ဝင် |
| (၅) | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) | အတွင်းရေးမှူး |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၈၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲများ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

**(က) ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)**

(၁) ဦးလုပ်ယွန်း
(၂) ဦးမိုင်းပန်းစိန်

**(ခ) ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)**

(၁) ဒေါက်တာ လှရွှေ
(၂) ဦးလုကာ

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၈၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဇဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှု အခက်အခဲများမရှိစေရေးအတွက် **"ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း<br>အဖွဲ့ဝင်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းရှိန်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာပွင့်ဆန်း<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းရှိန်<br>ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်သန်းသန်းဆွေ<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်မှူးကြီး ဝင်းတင့်<br>အဖွဲ့ဝင် (၁)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

(ည) ဒေါက်တာသီသီမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ဋ ) ဦးညွန့်အောင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဌ ) ဗိုလ်မှူးကြီး ရန်နောင်စိုး — တွဲဖက်အတွင်းရေးမှူး

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်စီးပွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ရေဆိပ်၊ လေဆိပ်များနှင့် နယ်စပ်ကုန်သွယ်မှုစခန်းနေရာများအားလုံး၌ အဓိကထားဆောင်ရွက်ရမည့်လုပ်ငန်းများ မှန်ကန်မြန်ဆန်မှု ရှိစေရေးအတွက် အဓိကကျသောလုပ်ငန်းစဉ်များအပေါ်တွင် မူဝါဒများ ချမှတ်ခြင်း၊ စံသတ်မှတ်ချက်လုပ်နည်းစနစ် (SOP) များ သတ်မှတ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခ ) ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များသည် အများပြည်သူကုမ္ပဏီလုပ်ငန်းရှင်များ ရှင်းလင်းလွယ်ကူစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် One Stop Service Committee (OSSC) အဖွဲ့များကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် သမားရိုးကျလုပ်ငန်းစဉ်များအပေါ် ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်ထိခိုက်စေသည့် ကုန်သွယ်ရေးလိုငွေပြမှုမဖြစ်ပေါ်စေရေး အတွက် မလိုအပ်သောကုန်ပစ္စည်း (Non-essential Commodity) များ တင်သွင်းခြင်းအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများကို ထိရောက်စွာ တားဆီး ဆောင်ရွက်ခြင်း၊

( င ) ကုန်သွယ်စီးပွားဆိုင်ရာ တရားဝင်ငွေကြေးစီးဆင်းမှုအတွက် ဘဏ်လုပ်ငန်းများ စနစ်တကျ မှန်ကန်မြန်ဆန်ချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲခြင်း၊

( စ ) တရားမဝင်ကုန်သွယ်မှု မဖြစ်ပေါ်စေရေးအတွက် အလေးထား၍ စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) ကုန်သွယ်မှုလုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုများအပေါ် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၈၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

### မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဇော်လင်းထွန်း | ဥက္ကဋ္ဌ |
| (ခ) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၈၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

### ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေဖြစ်ပေါ်နေခြင်း ကြောင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှု အခက်အခဲများ မရှိစေရေးအတွက် **"ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( စ ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဈ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ငွေကြေး)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဋ ) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ဌ ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ဍ ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

( ဎ ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(တ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ထ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဒ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံတောင်သူလယ်သမား စိုက်ပျိုးရေးနှင့်
စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဓ) ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(န) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်သွယ်မှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် ဗဟိုကော်မတီက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းကော်မတီအတွင်း၌ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီအတွင်း အဆုံးအဖြတ်မပြုနိုင်သည့် ကိစ္စရပ်များကို ဗဟိုကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(ဃ) လုပ်ငန်းကော်မတီ၏ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုခံယူခြင်း၊

(င) ထူးခြားဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စ) လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ်သည်-

(၁) **ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။** ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများကို ထိန်းကျောင်းကြပ်မတ်နိုင်ရေးနှင့် ကုမ္ပဏီများနှင့် သက်ဆိုင်သည့် အချက်အလက်များရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း။

(၂) **အကောက်ခွန်ဦးစီးဌာန**

(ကက) အကောက်ခွန်ဆိပ်ကမ်း ရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ လျင်မြန်ချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပို့ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်များ အပြည့်အဝရရှိရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်စေသည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊

(ငင) ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေနိုင်သည့် အခြေအနေအကြောင်းအခြင်းအရာများဖြစ်ပေါ်လာပါက ကော်မတီဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စစ) ဖြစ်ပေါ်လာနိုင်သောကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာနိုင်သည့် အလားအလာကိစ္စရပ်များရှိပါက လုပ်ငန်းကော်မတီတာဝန်ရှိသူများထံ ကြိုတင်တင်ပြခြင်းနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ကြိုတင်စီမံဆောင်ရွက်ထားရှိခြင်း၊

(၃) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(ကက) အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ပြည်ပကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) ရေကြောင်းပြစနစ်များ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပြည်ပပို့ကုန်/သွင်းကုန်အဝင်အထွက် သင်္ဘောများ၏ဝင်ရောက်/ထွက်ခွာမှုနှင့် ဆိုက်ကပ်သည့်ဆိပ်ကမ်းစာရင်းများပြုစုတင်ပြခြင်း၊

(ဃဃ) ပို့ကုန်/သွင်းကုန် ကုန်စည်စာရင်းများကို သင်္ဘောအမည်နှင့်ယှဉ်တွဲပြုစုတင်ပြခြင်း၊

(ငင) ကုန်တင်ကုန်ချလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် လျင်မြန်ချောမွေ့စေရေး စနစ်တကျ စီမံခန့်ခွဲခြင်း၊

(စစ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်း မူဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးခြင်း၊

(ဆဆ) ကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သောယန္တရားများနှင့် လုပ်သားများ လုံလောက်စွာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၄) **စိုက်ပျိုးရေးဦးစီးဌာန**

(ကက) ပြည်ပသို့တင်ပို့မည့်လယ်ယာထွက်ကုန်ပစ္စည်းများအပင်ပိုးမွှားဆိုင်ရာထောက်ခံချက် ပေးခြင်း လုပ်ငန်းကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) အပင်ပိုးမွှားဆိုင်ရာ ပို့ကုန်ထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ လျင်မြန် ချောမွေ့စေရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂဂ) ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ တင်သွင်းခွင့်ဆိုင်ရာထောက်ခံချက်များ နှောင့်နှေး ကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(၅) **ငါးလုပ်ငန်းဦးစီးဌာန။** ပြည်ပသို့တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ တင်ပို့ခွင့်ဆိုင်ရာ ပို့ကုန်ထောက်ခံချက်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး လျင်မြန်ချောမွေ့စေရေးအတွက် ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ရပါမည်။

(၆) **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။** ပြည်ပသို့တင်ပို့မည့် မွေးမြူရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီရေး ကျန်းမာရေး စံသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိစေရေးအတွက်လည်းကောင်း၊ တင်ပို့ခွင့်ဆိုင်ရာ ထောက်ခံချက်များနှင့်ပတ်သက်၍ လည်းကောင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရပါမည်။

(၇) **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန။** ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသော လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနဆိုင်ရာ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခြင်း။

(၈) **အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

(ကက) အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခခ) ဆိပ်ကမ်းကုန်တင်ကုန်ချဆိုင်ရာလုပ်သားများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၉) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(ကက) ကုန်သွယ်မှုလုပ်ငန်းများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ငွေကြေးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂဂ) ဘဏ်များ၏ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်သွယ်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် ငွေကြေးစီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်ချောမွေ့စေရေးကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၀) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**

(ကက) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သောလုံခြုံရေး အကာအကွယ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခခ) တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကိုဥပဒေနှင့်အညီ တားဆီးထိန်းချုပ်ဆောင်ရွက်ခြင်း၊

(ဂဂ) လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအကာအကွယ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၁) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များအား ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၂) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(ကက) ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအတွင်း လိုအပ်သောဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခခ) တရားမဝင်ကုန်သွယ်မှု ကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂဂ) သက်ဆိုင်ရာနယ်မြေများအတွင်း ငွေကြေးဈေးကွက် တရားမဝင်ဖြစ်ပေါ်မှုမရှိစေရေးနှင့် ငွေကြေးလဲလှယ်မှုဆိုင်ရာ ဈေးကစားမှုများ မဖြစ်ပေါ်စေရေး နယ်မြေသတင်းစုံလင်စွာရယူပြီး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၃) **ပြည်တွင်းအခွန်များဦးစီးဌာန။** သတ်မှတ်ထားသည့် နိုင်ငံတော်အခွန်ဘဏ္ဍာများ အပြည့်အဝရရှိစေရေး တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း။

(၁၄) **ပြည်ထောင်စုရှေ့နေချုပ်ရုံး။** ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ အကြံဉာဏ်များပေးခြင်း။

(၁၅) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။** ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ သင့်တော်ကောင်းမွန်သောလုပ်ငန်းအစီအစဉ်များကို ကော်မတီသို့ အကြံပြုခြင်း။

(၁၆) **ကုန်သွယ်ရေးဦးစီးဌာန**

(ကက) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခခ) ပို့ကုန်/သွင်းကုန်ဆိုင်ရာ လိုင်စင်များထုတ်ပေးခြင်း၊

(ဂဂ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃဃ) တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ခြင်း၊

(ငင) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ အစိုးရဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များအား တစ်ဦးလျှင် လစာငွေအဖြစ် ကျပ် (၅) သိန်းနှင့် မော်တော်ယာဉ်တစ်စီး (စက်သုံးဆီအပါအဝင်) တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၈၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇော်အေးမောင်အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၈၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဟန် **အစား** ဦးတင်သန်းဝင်း အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၈၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်–

(က) ဦးသောင်းတင် **အစား** ဦးအောင်မိုးမြင့်

( ခ ) ဦးကျော်ကျော် **အစား** ဦးအောင်လွင်ဦး

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၈၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(က) ဒေါက်တာ ဇော်မြင့်

( ခ ) ဦးဇော်ဝင်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၈၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်အား ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်အား မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၈၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဖြစ်သော တပ်မတော်သား မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များသတ်မှတ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဖြစ်သော တပ်မတော်သားမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် လစဉ်ချီးမြှင့်ငွေနှင့် အဆောင်အယောင်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | တာဝန် | လစဉ် ချီးမြှင့်ငွေ (ကျပ်) | အဆောင်အယောင်များ | |
|---|---|---|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဖြစ်သော တပ်မတော်သား မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ | ၁,၀၀၀,၀၀၀/- | (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့် |
| | | | (ခ) | ရုံးခန်းအတွက် ပရိဘောဂ၊ TV ၊ Air-Con၊ ရေခဲသေတ္တာနှင့်နေအိမ်အတွက်လိုအပ်သည့် ပရိဘောဂ (ခုတင်အတွက်ပစ္စည်းစုံ)၊ TV၊ Air-Con၊ ရေခဲသေတ္တာ |
| | | | (ဂ) | ရေအခမဲ့သုံးစွဲခွင့် |
| | | | (ဃ) | လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့် |

| စဉ် | တာဝန် | လစဉ် ချီးမြှင့်ငွေ (ကျပ်) | | အဆောင်အယောင်များ |
|---|---|---|---|---|
| | | | (င) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့်နှင့် မြန်နှုန်းမြင့် အင်တာနက် အခမဲ့သုံးစွဲခွင့် |
| | | | (စ) | မော်တော်ယာဉ် တစ်စီး |
| | | | (ဆ) | ယာဉ်မောင်း တစ်ဦး |
| | | | (ဇ) | မော်တော်ယာဉ်တစ်စီးအတွက် စက်သုံးဆီ တစ်လ ဂါလန် ၆၀ နှုန်း |
| | | | (ဈ) | မော်တော်ယာဉ် တစ်စီးအတွက် အမှန် ကုန်ကျသည့် စက်ဆီနှင့် ချောဆီ |
| | | | (ည) | ရုံးသုံးစာရေးကိရိယာနှင့် ရုံးသုံးစက်ကိရိယာ |
| | | | (ဋ) | တံဆိပ်ခေါင်းနှင့် ကြေးနန်းခများ၊ အဆောက် အအုံတွင် ဖုန်းလိုင်းကြိုး တပ်ဆင်ခြင်း၊ TV ဆက်စပ်ပစ္စည်းများ၊ TV အခပေးလိုင်းကြေး၊ Set Top Box တပ်ဆင်ခြင်း |

**စရိတ်**

၂။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့ တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိလျှင် တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀,၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၁၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် အစည်းအဝေးကျင်းပရာ အရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

**စားသောက်စရိတ်**

၃။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၂၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ်ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၄။ တာဝန်အရ ခရီးသွားလာရာတွင် ခရီးစဉ်တစ်ခုအတွက် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ခဲ့သည့်နှုန်းများအတိုင်း ခရီးစရိတ်ခံစားခွင့်ရှိသည်။ အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာနေရာသို့ သွားလာရခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ခဲ့သည့်နှုန်းများအတိုင်း ခံစားခွင့်ရှိသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဖြစ်သော တပ်မတော်သား မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များသည် ဤအမိန့်အရ ခံစားခွင့်ရှိသော လစဉ်ချီးမြှင့်ငွေအပြင် ဝန်ထမ်းပင်စင် နှင့် စွမ်းရည်သတ္တိဘွဲ့အတွက်ရရှိသည့် လစဉ်ချီးမြှင့်ငွေကိုပါ ခံစားခွင့်ရှိသည်။ ပြင်ပပုဂ္ဂိုလ် အငြိမ်းစားများသည် ယခင် နိုင်ငံရေးပင်စင်တစ်ခုခု ခံစားနေပါက နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၁၅ နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ (နိုင်ငံတော်

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၁၁) ပုဒ်မ ၉ တို့နှင့်အညီ ထုတ်ယူနေသည့် နိုင်ငံရေးပင်စင်လစာကို ရပ်ဆိုင်းထားရမည်။

၆။ အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများမှာ နောက်ဆက်တွဲဇယားပါအတိုင်းဖြစ်သည်။

၇။ ဤအမိန့်အရ ခံစားခွင့်များနှင့်စပ်လျဉ်း၍ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဖြစ်သော တပ်မတော်သား မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် ခံစားခွင့်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးက ဆောင်ရွက်ပေးရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နောက်ဆက်တွဲဇယား

**အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများ**

| စဉ် | အကြောင်းအရာ | အစိုးရဌာန/ အဖွဲ့အစည်း |
|---|---|---|
| (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး/ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| (ခ) | ရေအခမဲ့သုံးစွဲခွင့် | နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| (ဂ) | ရုံးခန်းအတွက် ပရိဘောဂ၊ TV၊ Air-Con၊ ရေခဲသေတ္တာနှင့် နေအိမ်အတွက် လိုအပ်သည့် ပရိဘောဂ (ခုတင်အတွက် ပစ္စည်းစုံ)၊ TV၊ Air-Con၊ ရေခဲသေတ္တာ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး/ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| (ဃ) | လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (င) | ရုံးခန်းနှင့် နေအိမ်တွင် ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့်နှင့် မြန်နှုန်းမြင့် အင်တာနက် အခမဲ့သုံးစွဲခွင့် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (စ) | မော်တော်ယာဉ် တစ်စီး | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန |

| စဉ် | အကြောင်းအရာ | အစိုးရဌာန/ အဖွဲ့အစည်း |
|---|---|---|
| (ဆ) | ယာဉ်မောင်း တစ်ဦး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး |
| (ဇ) | မော်တော်ယာဉ် တစ်စီးအတွက် စက်သုံးဆီ တစ်လ ဂါလန် ၆၀ နှုန်း | |
| (ဈ) | မော်တော်ယာဉ် တစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ | |
| (ည) | ရုံးသုံးစာရေးကိရိယာနှင့်ရုံးသုံးစက်ကိရိယာ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး |
| (ဋ) | တံဆိပ်ခေါင်းနှင့် ကြေးနန်းခများ၊ အဆောက်အအုံတွင် ဖုန်းလိုင်းကြိုးတပ်ဆင်ခြင်း၊ TV ဆက်စပ်ပစ္စည်းများ၊ TV အခပေးလိုင်းကြေး၊ Set Top Box တပ်ဆင်ခြင်း | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သော တပ်မတော်သားမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ သတ်မှတ်ခြင်း**

၁။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သော တပ်မတော်သားမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | တာဝန် | လစဉ် ချီးမြှင့်ငွေ (ကျပ်) | | အဆောင်အယောင်များ |
|---|---|---|---|---|
| ၁။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ | ၃,၀၀၀,၀၀၀/- | (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့် |
| | | | (ခ) | နေအိမ်အတွက် လိုအပ်သည့်ပရိဘောဂ |
| | | | (ဂ) | လုံခြုံရေးအစောင့်အရှောက် |
| | | | (ဃ) | ပြည်တွင်းအခမဲ့ ဆေးကုသခွင့် |
| | | | (င) | ရေအခမဲ့ သုံးစွဲခွင့် |
| | | | (စ) | လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့် |
| | | | (ဆ) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့ သုံးစွဲခွင့် |
| | | | (ဇ) | ကိုယ်ရေးအရာရှိ တစ်ဦး |

| စဉ် | တာဝန် | လစဉ် ချီးမြှင့်ငွေ (ကျပ်) | အဆောင်အယောင်များ | |
|---|---|---|---|---|
| | | | (ဈ) | အိမ်အကူ နှစ်ဦး |
| | | | (ည) | ဥယျာဉ်လုပ်သား နှစ်ဦး |
| | | | (ဋ) | မော်တော်ယာဉ် လေးစီး |
| | | | (ဌ) | ယာဉ်မောင်း လေးဦး |
| | | | (ဍ) | မော်တော်ယာဉ်လေးစီးအတွက် တစ်စီးလျှင် စက်သုံးဆီ တစ်လ ဂါလန် ၆၀ နှုန်း |
| | | | (ဎ) | မော်တော်ယာဉ် လေးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ |
| ၂။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ဖြစ်သော တပ်မတော်သား မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ | ၂,၀၀၀,၀၀၀/- | (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့် |
| | | | (ခ) | နေအိမ်အတွက် လိုအပ်သည့်ပရိဘောဂ |
| | | | (ဂ) | လုံခြုံရေးအစောင့်အရှောက် |
| | | | (ဃ) | ပြည်တွင်းအခမဲ့ ဆေးကုသခွင့် |
| | | | (င) | ရေအခမဲ့ သုံးစွဲခွင့် |
| | | | (စ) | လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့် |
| | | | (ဆ) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့် |
| | | | (ဇ) | ကိုယ်ရေးအရာရှိ တစ်ဦး |
| | | | (ဈ) | အိမ်အကူ တစ်ဦး |
| | | | (ည) | ဥယျာဉ်လုပ်သား တစ်ဦး |
| | | | (ဋ) | မော်တော်ယာဉ် နှစ်စီး |
| | | | (ဌ) | ယာဉ်မောင်း နှစ်ဦး |
| | | | (ဍ) | မော်တော်ယာဉ်နှစ်စီးအတွက် တစ်စီးလျှင် စက်သုံးဆီ တစ်လ ဂါလန် ၆၀ နှုန်း |
| | | | (ဎ) | မော်တော်ယာဉ် နှစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ |

**စရိတ်**

၂။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့ တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိလျှင် တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀,၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၁၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် အစည်းအဝေးကျင်းပရာ အရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

**စားသောက်စရိတ်**

၃။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၂၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ်ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၄။ တာဝန်အရ ခရီးသွားလာရာတွင် ခရီးစဉ်တစ်ခုအတွက် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ခဲ့သည့်နှုန်းများအတိုင်း ခရီးစရိတ်ခံစားခွင့်ရှိသည်။ အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာနေရာသို့ သွားလာရခြင်းအတွက်ကိုမူ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သော တပ်မတော်သားမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များသည် ဤအမိန့်အရ ခံစားခွင့်ရှိသော လစဉ်ချီးမြှင့်ငွေအပြင် ဝန်ထမ်းပင်စင်နှင့် စွမ်းရည်သတ္တိဘွဲ့အတွက် ရရှိသည့် လစဉ်ချီးမြှင့်ငွေကိုပါ ခံစားခွင့်ရှိသည်။

၆။ အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများမှာ နောက်ဆက်တွဲဇယားပါအတိုင်းဖြစ်သည်။

၇။ ဤအမိန့်အရ ခံစားခွင့်များနှင့်စပ်လျဉ်း၍ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သော တပ်မတော်သားမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ခံစားခွင့်ဆိုင်ရာ ကိစ္စရပ်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးက တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နောက်ဆက်တွဲဇယား

**အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန/အဖွဲ့အစည်းများ**

| စဉ် | အကြောင်းအရာ | အစိုးရဌာန/ အဖွဲ့အစည်း |
|---|---|---|
| (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန/ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ/ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ |
| ( ခ ) | ရေအခမဲ့သုံးစွဲခွင့် | |
| ( ဂ ) | နေအိမ်အတွက် လိုအပ်သည့်ပရိဘောဂ | |
| (ဃ) | အိမ်အကူ | |
| ( င ) | ဥယျာဉ်လုပ်သား | |
| ( စ ) | လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့် | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ဆ) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ( ဇ ) | လုံခြုံရေးအစောင့်အရှောက် | ပြည်ထဲရေးဝန်ကြီးဌာန |

| စဉ် | အကြောင်းအရာ | အစိုးရဌာန/ အဖွဲ့အစည်း |
|---|---|---|
| (ဈ) | ပြည်တွင်းအခမဲ့ဆေးကုသခွင့် | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ည) | ကိုယ်ရေးအရာရှိ၏ လစာနှင့်စရိတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း |
| (ဋ) | မော်တော်ယာဉ်၊ ယာဉ်မောင်း၊ မော်တော်ယာဉ်များအတွက် အမှန်ကုန်ကျသည့် စက်သုံးဆီ၊ စက်ဆီနှင့် ချောဆီဖိုး ကုန်ကျစရိတ် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ သတ်မှတ်ခြင်း**

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | တာဝန် | လစဉ် ချီးမြှင့်ငွေ (ကျပ်) | အဆောင်အယောင်များ | |
|---|---|---|---|---|
| ၁။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ | ၂,၀၀၀,၀၀၀/- | (က) | အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့်/ အစိုးရနေအိမ် စီစဉ်ပေးနိုင်ခြင်း မရှိသေးပါက သင့်လျော်သည့်ငှားရမ်းခ |
| | | | (ခ) | နေအိမ်အတွက် လိုအပ်သည့်ပရိဘောဂ |
| | | | (ဂ) | လုံခြုံရေးအစောင့်အရှောက် |
| | | | (ဃ) | ပြည်တွင်းအခမဲ့ ဆေးကုသခွင့် |
| | | | (င) | ရေအခမဲ့ သုံးစွဲခွင့် |
| | | | (စ) | လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့် |
| | | | (ဆ) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့ သုံးစွဲခွင့် |
| | | | (ဇ) | ကိုယ်ရေးအရာရှိ တစ်ဦး |
| | | | (ဈ) | အိမ်အကူ တစ်ဦး |
| | | | (ည) | ဥယျာဉ်လုပ်သား တစ်ဦး |
| | | | (ဋ) | မော်တော်ယာဉ် သုံးစီး |
| | | | (ဌ) | ယာဉ်မောင်း သုံးဦး |
| | | | (ဍ) | မော်တော်ယာဉ်သုံးစီးအတွက် တစ်စီးလျှင် စက်သုံးဆီ တစ်လ ဂါလန် ၆၀ နှုန်း |

| စဉ် | တာဝန် | လစဉ်ချီးမြှင့်ငွေ (ကျပ်) | အဆောင်အယောင်များ | |
|---|---|---|---|---|
| ၂။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ | ၁,၀၀၀,၀၀၀/- | (ဃ)<br>(က)<br>(ခ) | မော်တော်ယာဉ် တစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ<br>အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့်/ အစိုးရနေအိမ် စီစဉ်ပေးနိုင်ခြင်း မရှိလျှင် သို့မဟုတ် မိမိနေအိမ်တွင် နေထိုင်လျှင် သတ်မှတ်ထားသော ဒေသန္တရ ငှားရမ်းခ<br>နေအိမ်အတွက် လိုအပ်သည့်ပရိဘောဂ |

**စရိတ်**

၂။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့ တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိလျှင် တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀,၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၁၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် အစည်းအဝေးကျင်းပရာ အရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

**စားသောက်စရိတ်**

၃။ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၂၀,၀၀၀ ခံစားခွင့်ရှိသည်။ အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ်ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၄။ တာဝန်အရ ခရီးသွားလာရာတွင် ခရီးစဉ်တစ်ခုအတွက် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ခဲ့သည့်နှုန်းများအတိုင်း ခရီးစရိတ်ခံစားခွင့်ရှိသည်။ အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာနေရာသို့ သွားလာရခြင်းအတွက်ကိုမူ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။

၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဤအမိန့်အရ ခံစားခွင့်ရှိသော လစဉ်ချီးမြှင့်ငွေအပြင် ဝန်ထမ်းပင်စင်နှင့် စွမ်းရည်သတ္တိဘွဲ့အတွက်ရရှိသည့် လစဉ်ချီးမြှင့်ငွေကိုပါ ခံစားခွင့်ရှိသည်။

၆။ အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများမှာ နောက်ဆက်တွဲဇယားပါအတိုင်းဖြစ်သည်။

၇။ ဤအမိန့်အရ ခံစားခွင့်များနှင့်စပ်လျဉ်း၍ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ခံစားခွင့်ဆိုင်ရာ ကိစ္စရပ်တို့ကို

သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နောက်ဆက်တွဲဇယား

**အဆောင်အယောင်နှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရမည့် ဝန်ကြီးဌာန/အဖွဲ့အစည်းများ**

| စဉ် | အကြောင်းအရာ | အစိုးရဌာန/ အဖွဲ့အစည်း |
|---|---|---|
| (က) | နေအိမ် | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန/ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ/ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ |
| ( ခ ) | နေအိမ်အတွက် လိုအပ်သည့် ပရိဘောဂ | |
| ( ဂ ) | ရေအခမဲ့သုံးစွဲခွင့် | |
| (ဃ) | အိမ်အကူ | |
| ( င ) | ဥယျာဉ်လုပ်သား | |
| ( စ ) | လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့် | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ဆ) | ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ( ဇ ) | လုံခြုံရေးအစောင့်အရှောက် | ပြည်ထဲရေးဝန်ကြီးဌာန |
| ( ဈ ) | ပြည်တွင်းအခမဲ့ဆေးကုသခွင့် | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ည) | ကိုယ်ရေးအရာရှိ၏ လစာနှင့်စရိတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း |
| ( ဋ ) | မော်တော်ယာဉ်၊ ယာဉ်မောင်း၊ မော်တော်ယာဉ် များအတွက် အမှန်ကုန်ကျသည့် စက်သုံးဆီ၊ စက်ဆီနှင့် ချောဆီဖိုး ကုန်ကျစရိတ် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးသန်းစိုး

(၂) ဦးဘရန်ရှောင်

(၃) ဦးမြင့်ဦး

(၄) ဦးခင်မောင်ဦး

(၅) ဒေါ်နုမြဖံ

(၆) ဦးမြင့်သိန်း

(၇) ဒေါက်တာ ဘမောင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးပေါလူချမ်း **အစား** ဦးစိန်ဦး

(၂) ဒေါ်စူးမြာယဉ်ယဉ်လေး **အစား** ဦးစောဟူးဟူး

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညီညီစိုး မွန်ပြည်နယ်တရားလွှတ်တော်

(၂) ဦးသိန်းကိုကို ကရင်ပြည်နယ်တရားလွှတ်တော်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ညိုမီစံ | မွန်ပြည်နယ်တရားလွှတ်တော် |
| (၂) | ဒေါ်ခင်စိမ်းဝင်း | ကရင်ပြည်နယ်တရားလွှတ်တော် |
| (၃) | ဦးကျော်စွာငြိမ်း | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| (၄) | ဦးဝင်းမြိုင် | ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ထွန်းခိုင် အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

(၁) ဒေါက်တာ ဇော်ဝင်း

(၂) ဒေါက်တာ ငွေစန်း

(၃) ဦးအောင်နိုင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၉၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဂိုဆွင်းခိုင် အစား ဦးကျော်ငြိမ်း အား အစားထိုးခန့်အပ် တာဝန် ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၀၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဌေးလွင်ဦး အစား ဦးတင်သိန်း အား အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၀၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

**ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင်အား ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၀၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းလှလှအေး | ကချင်ပြည်နယ် |
| (၂) | ဦးကြည်မြိုင် | ကယားပြည်နယ် |
| (၃) | ဦးရဲလွင် | ကရင်ပြည်နယ် |
| (၄) | ဦးခွထီးယိုး | ချင်းပြည်နယ် |
| (၅) | ဒေါ်လှလှဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးအုန်းသန်း | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးခင်မောင်တင့် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါ်ခင်မြတ်သူ | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမြင့်အောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးမြင့်အောင် | မွန်ပြည်နယ် |
| (၁၁) | ဦးလှသိန်း | ရခိုင်ပြည်နယ် |
| (၁၂) | ဦးငွေအောင် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးတင်ဦး | ရှမ်းပြည်နယ် |
| (၁၄) | ဒေါ်ခင်ခင်နွယ် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်<br>(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

[ယခင်အပတ် နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်မှအဆက်]

၁၄၃။ **နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း**

(က) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းတွင် ပါဝင်သည့်အချက်များအရ အရေးယူခြင်းပြုရမည့် တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီများနှင့် QC အဖွဲ့များကို နာမည်ပျက်စာရင်းရေးသွင်းခြင်းကို အကျိုးအကြောင်းနှင့် သတ်မှတ်ကာလဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုထုတ်ပြန်ရမည်၊

(ခ) နာမည်ပျက်စာရင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့အမည်စာရင်းနှင့် တာဝန်ခံအင်ဂျင်နီယာ အမည်တို့ကိုဖော်ပြ၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ကြော်ငြာသင်ပုန်းများတွင် ကြေညာရမည်၊

(ဂ) အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များရှိ သက်ဆိုင်ရာကော်မတီများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန အားလုံးသို့လည်း ဖြန့်ဝေရမည်။ အဆိုပါ ကုမ္ပဏီများ၏ နာမည်ပျက်စာရင်း (Black List) များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ website တွင်ကြေညာရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၁၄၄။ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီး နိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ် ပထမ ၃ လပတ်အတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်။

၁၄၅။ လုပ်ငန်းသဘာဝအရ အထူးကျွမ်းကျင်မှုလိုအပ်သော စီမံကိန်း/လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်ပယ်၌ ကျွမ်းကျင်မှုရှိသည့် အစိုးရဌာနအဖွဲ့အစည်းများက တာဝန်ယူ၍ တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရဌာနအချင်းချင်း လုပ်ငန်းအပ်နှံ၍လည်းကောင်း ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

၁၄၆။ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် –

(က) မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း ၃၅/၂၀၁၇၊ လုပ်ငန်း အပ်နှံခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်၊

( ခ ) ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Public Works Department Code၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များအတွက် Public Works Account Code တို့အား မှီငြမ်းဆောင်ရွက်ရမည်။

၁၄၇။ အစိုးရဌာနက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်လိုအပ်ပါက ပစ္စည်းဝယ်ယူမှုတင်ဒါလုပ်ငန်းစဉ် (နိုင်ငံတော်သမ္မတရုံး၏ ၁၀ – ၄ –၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇) ကို လိုက်နာဆောင်ရွက်ရမည်။

၁၄၈။ နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ အကြံပေးငှားရမ်းခြင်းများအတွက် ချေးငွေ၊ ထောက်ပံ့ငွေပေးအပ်သည့်နိုင်ငံနှင့် အဖွဲ့အစည်းများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမရှိပါက ဤညွှန်ကြားချက်ကို လိုက်နာရမည်။

၁၄၉။ အဆောက်အအုံ၏ Main Structure ဆိုင်ရာ Design Life ကို အဆောက်အအုံ အမျိုးအစား၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများကလည်းကောင်း ကြိုတင်သတ်မှတ်ပေးရမည်။

## နိဂုံး

ဤညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်တကျ လွယ်ကူလျင်မြန်စွာနှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရှုပ်ထွေးခက်ခဲမှုမရှိစေဘဲ ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကို တစ်ဖက်တစ်လမ်းက ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာအကြံပေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆောက်လုပ်ရေးဆိုင်ရာ အတတ်ပညာများ၊ နည်းပညာကျွမ်းကျင်မှုများကို ဖလှယ်နိုင်သည့် အခွင့်အလမ်းကောင်းများကို ရရှိစေမည် ဖြစ်ပါသည်။

ထို့အပြင် တည်ဆောက်ရေးလုပ်ငန်းများတွင်ကျခံသုံးစွဲသည့် ဘဏ္ဍာရန်ပုံငွေပမာဏနှင့် ညီမျှသော အရည်အသွေးပြည့်ဝသည့်အဆောက်အအုံများ နိုင်ငံတစ်ဝန်းပေါ်ထွန်းလာစေခြင်းဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖော်ဆောင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်ကို ရရှိစေမည်ဖြစ်ပြီး၊ ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာတွင် အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိရောက်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးအတွက် တွန်းအားတစ်ရပ်ကို ဖြစ်စေမည်ဖြစ်ပါသည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်သမ္မတရုံး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)အရအောက်ပါအရာထမ်းများသည် ဤရုံးတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ပါသည်-

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၁) | ဦးတင်မိုးဇော် | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| (၂) | ဦးအောင်ရွှေဝင်း | ညွှန်ကြားရေးမှူး |
| (၃) | ဒေါ်ခင်ခင်ငွေ | ညွှန်ကြားရေးမှူး |
| (၄) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး |
| (၅) | ဒေါ်နှင်းခက်စိမ်း | ဒုတိယညွှန်ကြားရေးမှူး |
| (၆) | ဒေါ်ခင်မာကြူ | ဒုတိယညွှန်ကြားရေးမှူး |
| (၇) | ဒေါ်မီမီအေး | ဒုတိယညွှန်ကြားရေးမှူး |
| (၈) | ဦးဝင်းဇော် | ဒုတိယညွှန်ကြားရေးမှူး |
| (၉) | ဒေါ်စိုးစန္ဒာထွေး | ဒုတိယညွှန်ကြားရေးမှူး |
| (၁၀) | ဒေါ်အေးအေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| (၁၁) | ဒေါ်ငြိမ်းငြိမ်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၂) | ဒေါ်မေသရဖူဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၃) | ဦးရဲမင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၄) | ဦးထွန်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၅) | ဦးညီညီအောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၆) | ဒေါ်အိအိသင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၇) | ဦးမြင့်ဇော် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၈) | ဒေါ်စန်းစန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၉) | ဒေါ်နှင်းနုနုအောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၀) | ဒေါ်တင်စန္ဒာဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၁) | ဒေါ်သိမ့်သဥ္ဇာအောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၂) | ဒေါ်သစ်နှင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၃) | ဦးထူးရွှေကို | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၄) | ဦးသန်းမြတ်စိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၅) | ဒေါ်ခင်မာဝေ | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၆) | ဒေါ်ဒေလီယာအောင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၇) | ဦးမင်ထွေး | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂၈) | ဒေါ်လှမျက်ခြယ် | ဦးစီးအရာရှိ |
| (၂၉) | ဒေါ်စုနန္ဒာ | ဦးစီးအရာရှိ |
| (၃၀) | ဒေါ်သန်းသန်းမြ | ဦးစီးအရာရှိ |

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၃၁) | ဒေါ်အိဇာဇာ | ဦးစီးအရာရှိ |
| (၃၂) | ဒေါ်ငယ်ငယ်ထွေး | ဦးစီးအရာရှိ |
| (၃၃) | ဒေါ်ခင်စိုးထိုက် | ဦးစီးအရာရှိ |
| (၃၄) | ဒေါ်သင်းယုစိုး | ဦးစီးအရာရှိ |
| (၃၅) | ဦးထူးထက်ဦး | ဦးစီးအရာရှိ |
| (၃၆) | ဒေါ်ခင်မာဝင်း | ဦးစီးအရာရှိ |
| (၃၇) | ဒေါ်ခင်စန်းဝင်း | ဦးစီးအရာရှိ |
| (၃၈) | ဦးသီဟ | ဦးစီးအရာရှိ |
| (၃၉) | ဒေါ်ဝင်းသန္တာ | ဦးစီးအရာရှိ |
| (၄၀) | ဒေါ်ခင်ဇာလီ | ဦးစီးအရာရှိ |

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## လူမှုဝန်ထမ်းဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ နိဒါန်းတွင်ပါရှိသော **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** ဆိုသည့် စကားရပ်ကို **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ပါရှိသော **ကိတ္တိမ မွေးစားခြင်းဆိုင်ရာအက်ဥပဒေ** ဆိုသည့် စကားရပ်ကို **ကိတ္တိမ မွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေ** ဆိုသည့် စကားရပ်များဖြင့် အစားထိုးရမည်။

၄။ ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁) တွင် ပါရှိသော **ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေ** ဆိုသည့် စကားရပ်ကို **ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ဒေါက်တာစန်းစန်းအေး
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

ပ၊ ထ၊ န- အမှတ် ၅၅၈/၂၀(A)/ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ-၂၀၃၀/၁၉-၃-၂၀၂၁။